မြို့ဦး(၁)ကျေးရွာ

ရပ်စောက်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃ - ၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြို့ဦး(၁)ကျေးရွာ၊ ရပ်စောက်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ဩဂုတ်လ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
မြို့ဦး(၁)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ရပ်စောက်မြို့နယ် ၇
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈
(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား၂၃-ခစိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်ပြဿနာနှင့်
အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်
အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား၃၁ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၃၃ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား၃၈ အိမ်သာ အမျိုးအစား
ဇယား၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။


ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မြို့ဦး(၁)ကျေးရွာ
ရပ်စောက်မြို့နယ်


ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု မြို့ဦး(၁)ကျေးရွာ၏ မြေပုံ



ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု မြို့ဦး(၁)ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု မြို့ဦး(၁)ကျေးရွာ၏ Venn Diagram



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊
သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက် များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက် လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့်
နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့
ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့ သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရန့ ်အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစု စည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရ မည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း

နိုင် မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

မြို့ဦး(၁)ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၏ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ရပ်စောက်မြို့၏ တောင်ဘက် (၁၈)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ထီးခမ်းကျေးရွာ၊ အရှေ့ဘက်တွင်မြို့ဆိုးကျေးရွာနှင့်တောင်ဘက်တွင် မြို့ဦး(၂)ကျေးရွာ တို့ တည်ရှိနေပါသည်။ မြေပြန့် ဒေသဖြစ်ပြီး ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြ ပါသည်။

(ခ) သဘာဝအရင်းအမြစ်၂

ကျေးရွာ၏ရာသီဥတုမှာ အေးမြစိုစွတ်သော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ တောင်ယာမြေ(၁၅၀)ဧကနှင့်လယ်မြေ(၅၀)ဧကော ရှိပါသည်။ မြေဆီလွှာအရည်အသွေး မှာ အသင့်အတင့် ကောင်းမွန်ပါ သည်။

ကျေးရွာတွင် ခါတ်သတ္တုနှင့် သဘာဝအရင်းအမြစ်များ ရှာဖွေတွေ့ရှိခြင်းမရှိပါ။ ရွာ၏အနောက်ဖက်တွင် မြေကျောက်တောင်ရှိပြီး ကျေးရွာမှ ထုတ်ယူသုံးစွဲနိုင်ပါသည်။ သစ်တောပြုန်းတီးမှုများလာသောကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များအားယခင်ကတွေ့ရှိရ သော်လည်း ယခုအခါ ရှားပါးနေပြီဖြစ်ပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ (၈၀))၊ အိမ်ထောင်စုပေါင်း(၈၉)ရှိပြီး လူဦးရေပေါင်း (၃၆၄) ဦးရှိပါ သည်။ကျေးရွာတွင်ဗမာလူမျိုးများအများဆုံးနေထိုင်ကြပါသည်။ ကျေးရွာတွင်မူလွန် ကျောင်း ရှိသောကြောင့် ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းတက်ကြပါသည်။ ကျေးရွာတွင်

ဆရာမဦးရေ(၆)ဦးရှိပါသည်။ အလယ်တန်း အထက်တန်းအဆင့် ကျောင်းစရိတ်များသောကြောင့် တက်ရောက်သူနည်းပါးပါသည်။ ကျေးရွာလူဦး ရေ(၅၀)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်သော်ကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက်အခွင့်အရေးဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ ပြောင်းနှင့်စပါးတို့ကို အဓိကစိုက်ပါသည်။ အိမ်ဆိုင်ရောင်းသောမိသားစု(၅)စု ရှိပါသည်။အိမ်အများစုတွင် ကိုယ်ပိုင်လယ်၊တောင်ယာ စသည်ဖြင့် စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုအချို့မှာ ကျပန်း၊ ပန်းရံလုပ်ကိုင် အသက်မွေးကြပါသည်။ တောင်ယာပြောင်း နေကြာ ပဲစင်းငုံနှင့်ပဲကြီးလှော်များကို မိသားစု စားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင်တောင်ကုန်းတောင်တန်းများသောကြောင့် တောင်ယာမြေများသာခုတ်ထွင်စိုက်ပျိုးကြပါသည်။

ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီးအိမ်ထောင် စု(၃၀)စုမှာ မြေယာမဲ့များဖြစ်ကြသည်။စိုက်ပျိုးစရိတ်အရင်းအနှီးမတတ်နိုင်သောကြောင့် မြေယာပိုင် ဆိုင်သ လောက်စိုက် ပျိုးနိုင်ခြင်းမရှိကြပေ။ငါးမွေးမြူရေးလုပ်ငန်းများ ကိုဆောင် ရွက်နိုင်ခြင်းမရှိပေ။ မွေးမြူ ရေးလုပ်ကိုင်ဆောင်ရွက်ရန်နည်းပညာဝန်ဆောင်မှုများ နှင့်စားကျက် မြေရှားပါး မှု များ အခက်အခဲ ဖြစ်ပါသည်။ မွေးမြူရေးကုသရေးဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက် မှုအားနည်းပါ သည်။

မြေပြန့်ဒေသဖြစ်သောကြောင့် အဆင့်မြင့်စိုက်ပျိုးရေးစက်ကိရိယာများ ပိုင်ဆိုင်၊ သုံးစွဲနိုင် မှုနည်းပါးပါသည်။ ကျေးရွာ တွင် လက်တွန်းထွန်စက် (၃၀)စီးသာ ရှိပါသည်။ လက်တွန်းထွန်စက်ကို တစ်နာရီလျှင် (၈၀၀၀)ကျပ်နှုန်းဖြင့် ငှားရမ်းအသုံးပြုနိုင်ပါသည်။ ကျွဲအနည်းငယ်သာရှိသဖြင့် သဘာဝမြေဩဇာ များကို အနည်းငယ်သာ သုံးစွဲနိုင်ပြီး ဓာတ်မြေဩဇာ များကို အများဆုံးသုံးစွဲ ကြပါသည်။ သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာ များနှင့် သွင်းအားစုများ၊ ဓါတုသွင်းအားစုများကိုဝယ်ယူရာတွင်လည်းရပ်စောက်မြို့အပေါ်အထိ သွားရောက်ဝယ်ယူ ကြပါ သည်။ ဓါတ်မြေဩဇာများကိုပွဲရုံ(သို့) ရပ်စောက်မြို့ နှင့်ပင်ဖြစ်တို့၌ အလွယ်တကူ ဝယ်ယူနိုင် ပါသည်။ ထွက်ကုန်များကို ပင်ဖြစ်ကျေးရွာ (သို့) ရပ်စောက်မြို့တို့တွင် ရောင်းချနိုင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ သုံးပုံတစ်ပုံခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ၃လနှင့်၆လကြားဝမ်းစာဖူလုံသောအိမ်(၁၁)အိမ်လုံး ချေးယူကြသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးတင် ရှိနေကြသည်။ ချေးငွေအများစုကို စိုက်ပျိုးသီးနှံပွဲရုံများမှ ချေးယူရရှိပြီးအတိုးနှုန်း(၃)ရာခိုင်နှုန်းပေးဆောင်ကြရပါသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန် တွက်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြသည်။ ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့်သက်ကြီးရွယ်အို (၃)ဦး၊ အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၅)စုတို့ဖြစ်ကြသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် သစ်တော ပြုန်းတီးမှုကိုသာအသင့်အတင့်အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကိုနိမ့်သည်အနေအထားများတွင်သာတွေ့ရသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက် အုပ်စု အလိုက်ခွဲခြား သတ်မှတ်ရာတွင်လည်းလူငယ်များ၊ ဆင်းရဲသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စုနှင့် ဆင်းရဲသည့် နေ့စားအိမ်ထောင်စုများမှာထိခိုက်သက်ရောက်မှုမြင့်၊လတ်၊ နိမ့်ကြောင်းတွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ယင်လုံအိမ်သာများ သုံးစွဲမှုများသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားမှုနည်းပြီး အခြားရောဂါများ ဖြစ်ပွားမှုအချို့တွေ့ရပါသည်။ သားဖွားခြင်းနှင့် ဖျားနာပါကပင်ဖြစ်ကျေးရွာသို့ သွားရောက်ကုသကြရပါသည်။ ကျန်းမာရေးဆရာမမှ လစဉ် ကာကွယ် ဆေးထိုးနှံပေးလျက်ရှိပါသည်။ ရောဂါပြင်းထန်ပါက ရွာနှင့်(၁၈)မိုင်ခန့် ဝေးသည့် ရပ်စောက် မြို့နယ် ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။ ကျေးရွာတွင် သောက်သုံးရေကိုရေတွင်း အဝိစိစက်တပ်ရေနှင့်စိမ့်စမ်း ရေတို့ကို အသုံးပြု ကြပါသည်။ ကိုယ်ပိုင်အဝိစိတွင်းရှိသူ(၆)အိမ်ရှိပါသည်။ ကျေးရွာတွင်ယင်လုံအိမ်သာကိုသာအဓိ က အသုံးပြုကြပါသည်။

(ဂ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာလူဦးရေစုစုပေါင်း (၃၆၄) ဦးတွင် စာမတတ်သူဦးရေအနည်းငယ်သာရှိပါသည်။ မူလတန်း ကျောင်းရှိသဖြင့်ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ကြပါသည်။ မူလတန်းကျောင်းတတ်သူဦးရေ(၆၀)ဦး၊ အလယ်တန်း(၃၀)ဦး၊အထက် တန်းတက် သူ(၅)ဦးနှင့် တက္ကသိုလ်တက်သူ(၁၅)ဦးရှိသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားနှင့် မိသားစုအတွင်းကျား/မတို့၏ အခန်းကဏ္ဍမှာ အမျိုးသမီးများပါဝင်မှုအားနည်းပါသည်။ နေရာပေးရန်ယုံကြည်မှုမရှိခြင်းနှင့် ရှေးရိုးစွဲအယူအဆများကြောင့်ဖြစ်သည်ဟုယူဆကြပါသည်။ ရပ်ရွာအရေး ကိစ္စများတွင်လည်း အမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများနှင့် သားသမီး ငယ်များကိုပြုစုထိန်းကျောင်းအပြင် အိမ်၏စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး လုပ်ငန်း များတွင်လည်းဝင်ရောက်လုပ်ကိုင်ကြသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်း ဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများ သည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများအရမူလတန်း၊ အလယ်တန်း များတွင် အမျိုးသမီးများကျောင်းတက်မှုပိုများသည်ကိုတွေ့ရသည်။ (ကျား၊မအရေအတွက်မှာ အလွန် ကွာခြားမှု မရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။) သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြ သည်။အမျိုးသမီးများမှာ ကျေးရွာစီမံအုပ်ချုပ်မှုတွင်မပါဝင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များနှင့်အဖွဲ့အစည်းများတွင်တက်ကြွစွာပါဝင်ကြပါသည်။ အခြားလူမှုရေးအသင်းအဖွဲ့များ တွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာ ပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီ အဖွဲ့များ ရှိပါသည်။ ကျေးရွာရှိ လူငယ်အဖွဲ့သည် ကျေးရွာ၏သာရေး၊ နာရေးကိစ္စရပ်များတွင် ပါဝင် ဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ၏ဘာသာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ် များတွင်ဦးဆောင်ကြပါသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် (၇)ဦးပါဝင်သော ကျောင်းကော်

မတီမှဦးဆောင်ကြပါသည်။ ကျန်ရှိသောကဏ္ဍများပါ တိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ရန်လိုအပ်နေပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ပြောင်း၊ ပဲစင်းငုံ၊ နေကြာ၊ ပဲကြီးလှော်တို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ ပြောင်း(၂၀၀၀ကျော်)ထွက်ရှိကြသည်။ တောင်သူအများစုသည် စိုက်ပျိုးချိန်တွင် တစ်ပြိုင်နက်တည်း စိုက်ပျိုးကြသဖြင့်လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား ငှားရမ်းခ ဈေးကြီးမြင့်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်း ရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကို လွယ်ကူစွာ ဝယ်ယူနိုင်သော်လည်း ဈေးနှုန်းကြီးမြင့်နေတတ်သည်။ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု ရှိသော်လည်းမြေဆီလွှာမကောင်းခြင်း၊ စားကျက်မြေမရှိခြင်းကြောင့် သီးနှံအထွက်နှုန်းနည်း လာသည်။ ပိုးသတ်ဆေးအရည်အသွေးမပြည့်ဝမှုကြောင့် ဆေးဖျန်းသော်လည်း မနှိမ်နင်းနိုင်ကြောင်း တွေ့ရသည်။ ဖျက်ပိုးကာကွယ်၊ နှိမ်နှင်းနည်းကိုလည်း စနစ်တကျတတ်မြောက်မှုမရှိကြပါ။ တောင်သူများသည်ငှါးရမ်း ထွန်ယက် ကြရာတွင် တစ်နာရီလျှင် ၈၀၀၀/-ကျပ်နှုန်းဖြင့် ငှါးရမ်းထွန်ယက်ရသည်။ ထို့ကြောင့်ဈေးနှုန်း သက်သာစွာ ရရှိ ငှါးရမ်း နိုင်ရေးအတွက် လိုလားနေကြသည်။ ကျေးရွာတွင်နွား၊ ကျွဲ၊ ကြက် စသည့် တိရစ္ဆာန်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှအပ အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးအပြင် အခြားသောကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများလည်းရှိသည်။ ကျေးရွာတွင်လျှပ်စစ်မီးမရှိသော်လည်း ၂၀၁၈-၂၀၁၉ခုနှစ်တွင် ရှမ်းပြည်နယ်အစိုးရမှ ပေးဆိုလာပေးဝေရေးစနစ်ရှိသောကြောင့် အိမ်ခြေ(၁၀၈)စုလုံးဆိုလာမီးလင်းကြပါသည်။ ချေးငွေရရှိနိုင်ခြင်းကြောင့် အခြားသောအသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို ကောင်းမွန်စွာလုပ်ကိုင်နိုင်သည်။ ဈေးကွက် အခြေအနေကောင်းစွာနားမလည်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်မှုကြောင့် တောင်သူ များအခက်အခဲရှိပါသည်။ ကျေးရွာတွင် လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ များပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့်အပြင် လုပ်ငန်းအတွေ့အကြုံလည်း မရှိကြသောကြောင့် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် တွင်ရရှိမှုနည်းသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာကာ သီးနှံအထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာသည်။ တောင်သူများအနေဖြင့် အလွယ်တကူရနိုင်သော ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ဖျက်ပိုးများကာကွယ်ထိန်းချုပ်မှုမှာမြင့်မားပြီး မြေဆီလွှာအခက်အခဲ၊ အပင်မျိုးစိတ်အခက်အခဲနှင့် ရေအရင်းအမြစ်အခက်အခဲတို့မှာ အလယ်အလတ်တွင်ရှိပါသည်။ ကျေးရွာတွင် မုန်တိုင်း၊ ငလျင် စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိပါ။ မိုးဦးကျကာလတွင်လေနီကြမ်း တိုက်ခတ်မှု၊ နွေရာသီတွင် တောမီးလောင်ကျွမ်းမှုမှတစ်ဆင့်ကူးစက်နိုင်သည့်ဘေးအန္တရာယ်သာ တခါတရံတွင် ကြုံတွေ့ရတတ်သည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် သမဝါယမချေးငွေနှင့် မိတ်ဆွေများထံမှအများဆုံး ချေးယူကြသည်။ ချေးငွေအတိုးနှုန်းမှာ (၁.၅) ရာခိုင်နှုန်းဖြစ်ပြီးအပေါင်ပစ္စည်းမလိုအပ်ပါ။ ချေးငွေအခက်အခဲမရှိပါ။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများကို တွေ့ဆုံမေးမြန်းမှုအရ အများစုမှာ အကြွေးတင်ရှိမှုရှိနေကြကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာရှိမူလတန်းကျောင်းမှာရွာနှင့် မဝေးသောကြောင့် ကျောင်းသား/ သူများခြေလျင်သာတက်ရောက်ကြပါသည်။ ကျောင်းပရိဘောဂများလုံလောက်မှုမရှိပါ။ ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာ ပညာရပ်များကို သင်ယူနိုင်ကြသည်။ ကျောင်းတွင် ဆရာ/မလုံလောက်မှုမရှိသောကြောင့် သင်ခန်းစာများပြီးမြောက်အောင် မသင်ကြား နိုင်ခြင်း၊ အချိန်ကြာခြင်းများဖြစ်ပေါ်စေနိုင်သည်။ ကာကွယ်ဆေးထိုးနှံမှုများ ရှိသော်လည်း နည်းပါး သည်။ မိုးတွင်း၌မိုးရေကို သုံးစွဲနိုင်သည်။ မိုးတွင်း၌မိုးရေကိုသုံးစွဲနိုင်သည်။ နွေနှင့်ဆောင်းတွင် စိမ့်စမ်းရေကိုသာ အသုံးပြုရ သည်။ သီးနှံများအတွက်လိုအပ် သောရေများကို ရေလွှဲဆည်မှတစ်ဆင့် ပေးသွင်းသော်လည်း

စိုက်ပျိုးမြေများအတွက်ရေအားလွတ်ပေးမှုမှာလုံလောက်မှုမရှိပါ။
ဆရာ/မ(ဖ)ဦးရှိပြီးတပည့် ဆရာအချိုး သည်(၈၅:၆)ဦးရှိသဖြင့် ကျောင်းဆရာ/မအင်အားမလုံလောက်သည်ဟုယူဆကြပါသည်။ရွာသူ ရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှု တို့ကို ကျေးရွာမှ တိုက်နယ်ဆေးရုံနှင့်(၁၈) မိုင်ခန့် ဝေးသည့် ရပ်စောက်ဆေးရုံသို့ သွားရောက်ကုသရသည်။ မိုးတွင်း၌မိုးရေကိုသုံးစွဲနိုင်သည်။နွေနှင့်ဆောင်းတွင်စိမ့်စမ်းရေကိုသာအသုံးပြုရသည်။ တစ်ရွာလုံးနီးပါး တွင်း /ယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ် ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှုးနည်းပါးသည်။ စာသင် ကျောင်း တွင်လည်းကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများ အတွက်အသုံးပြုရန်လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပါ။ ကျေးရွာတွင် လူငယ်များအတွက်စာကြည့်တိုက်တစ်ခု လိုအပ်နေပါသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းပြုလုပ်ရန်အထောက်အကူပစ္စည်းများလည်း လိုအပ်ပါသည်။ လူငယ်ဖွံ့ဖြိုးရေး ဟောပြောပွဲများလည်းလိုအပ်ပါသည်။ လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း (ရိုးရာအကများဖြင့် တင်ဆက်) ပါဝင်ကြ သည်။ နွေရာသီကျောင်းပိတ်ရက်များတွင် မူလတန်း/အလယ်တန်း ကျောင်းသားများအား ယဉ်ကျေးလိမ္မာသင်တန်း၊ စာပေယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကုန်ပစ္စည်းအစုံအလင်ရရှိနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်မှုကြောင့် အချိန်ကြာမြင့်ခြင်း၊ သယ်ယူပို့ဆောင်ခစျေးမြင့်ခြင်းများကြုံရပါသည်။ ကျေးရွာတွင်ရွာတွင်း လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင်လမ်းမကောင်းမွန်သောကြောင့် ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ထုတ်ကုန်များသယ်ယူပို့ဆောင်ရေးများအတွက် အခက်အခဲရှိပါသည်။ ချဉ်းကပ်လမ်းမှာလည်းကျဉ်းမြောင်းသောကြောင့် ထုတ်ကုန်များသယ်ယူပို့ဆောင်ရေးတွင် အခက်အခဲရှိပါသည်။ သစ်သားတံတားမှာဆွေးမြေ့ပျက်စီးကာ ကျဉ်းမြောင်းသောကြောင့် ထုတ်ကုန်များသယ်ယူပို့ဆောင်ရာတွင် အခက်အခဲဖြစ်စေပါသည်။ ဆိုလာစနစ်မှာမိုးရာသီတွင် နေရောင်ခြည်လုံလောက်စွာ မရရှိခြင်းကြောင့် လျှပ်စစ်မီးကိုလုံလောက်စွာအသုံးမပြုနိုင်ပါ။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး(၁၉)စီး မော်တော်ဆိုင်ကယ်(၁၄၅)စီး၊ ထွေလာဂျီ (၃၂)စီး၊ ကား(၁၁)စီးနှင့်နွားလှည်း(၁)စီးတို့ကိုအသုံးပြုလျက်ရှိကြသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်း(၂၆၁)လုံးနှင့်တီဗွီ(၁)လုံး ရှိပြီး မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ သိပ်မကောင်းလှပေ။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦမရှိသေးသော်လည်းဖတ်စရာ စာအုပ်များရှိသည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း

ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန် ကြောင်းတွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြသော်လည်း လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်မှုအားနည်းသည်။ အာမခံစနစ်ကိုသိရှိထားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ကျေးရွာတွင် ရာဇဝတ်မှုကြီးကြီးမားမားဖြစ်ပွါးခြင်းနည်းပါးသည် / မရှိပါ။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

မြို့ဦး(၁)ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၏ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ရပ်စောက်မြို့၏ တောင်ဘက်(၁၈)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ထီးခမ်းကျေးရွာ၊ အရှေ့ဘက်တွင်မြို့ဆိုးကျေးရွာနှင့်တောင်ဘက်တွင် မြို့ဦး(၂)ကျေးရွာ တို့ တည်ရှိနေပါသည်။ မြေပြန့်ဒေသဖြစ်ပြီး ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြ ပါသည်။

မော်တော်ဆိုင်ကယ်များမှာ အိမ်တိုင်းတွင်ရှိပြီး အဆင်ပြေသောအိမ်အချို့တွင် ထော်လာဂျီ နှင့်လက်တွန်းထွန်စက်များရှိပါသည်။ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းမျှသာဖြစ်ပြီး ကိုယ်ထူကိုယ်ထ ဖြင့်ဖြုန်းကျောက်အနည်းငယ်ခင်းထားသော်လည်း မိုးရာသီတွင် ပျက်စီးမှုများ ဖြစ်ပေါ်တတ်ပါ သည်။ မိမိတို့ကျေးရွာ၏ အဓိကလမ်းမကြီးကို အခြားကျေးရွာများကပါ သုံးစွဲလျက်ရှိသောကြောင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ရွာတွင်းလမ်း၊ ရွာချင်းဆက် လမ်းများမှာလည်း မြေသားလမ်း အဆင့်သာဖြစ်သောကြောင့် အဆင့်မြှင့်တင်ပြုပြင်သင့်ပါသည်။ မိုးရာသီတွင် ထုတ်ကုန်များ သယ်ယူ ပို့ဆောင်ရန် အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။

လူသုံးကုန်ပစ္စည်း၊စိုက်ပျိုးရေးသုံးပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါးစသည်တို့ စုံလင်စွာ ရရှိနိုင်ပေသည်။ကျေးရွာတွင် လျှပ်စစ်မီးမရသဖြင့် ဆိုလာမီးကိုသာအသုံးပြုကြပြီးချက်ပြုတ်ရာတွင် ထင်းမီးကိုသာအသုံးပြုကြသောကြောင့်သစ်တောပြုန်းတီးမှုများဖြစ်ပေါ်စေပါသည်။

လူဦးရေအားလုံး၏ ၆၈%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာ သားများ အနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း တိုက်နယ်ဆေးရုံနှင့် မြို့နယ်ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ရောင်းချနိုင်သည်။ ကျေးရွာတွင် ရာဇဝတ်မှု ခင်းဖြစ်ပွါးမှုနည်းပါးပြီးတည်ငြိမ်အေး ချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့ စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီးအခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ လူမှုရေးပရဟိတအသင်းအဖွဲ့များရှိပြီး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝအား ကူညီ ဆောင်ရွက် မှုများပြုလုပ်ပေးကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံ မတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက် လာကြောင်းသိရှိရသည်။ သို့သော်ထိခိုက်ပျက်စီး ဆုံးရှုံးမှုအထိ မရှိပေ။ကျေးရွာတွင် မူလတန်း ကျောင်း သာတည်ရှိပြီး၊ စာသင်ကျောင်းဆောင်မှာအရည်အသွေးအပိုင်းတွင် အားနည်းမှုရှိပေသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

ကျ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သား များ

အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင် ပစ္စည်များအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာစာသင်ကျောင်းဆောင်များမှာအနည်းငယ်ဟောင်းနွမ်းနေပြီး၊ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့သဖြင့်အရည်အသွေးပိုင်းတွင်အားနည်းမှုရှိသောကြောင့်စံချိန်မီသောစာသင်ကျောင်း ဆောင်တစ်ဆောင်နှင့်အားကစားပစ္စည်းအချို့အား သက်ဆိုင်ရာအစိုးရဌာနများ ဖြစ်သော ပညာရေး ဝန်ကြီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ မှ တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။

(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာအနည်းငယ်ကောင်းမွန်မှုမရှိဘဲ၊ မြေသားလမ်း သာဖြစ်နေပါသည်။ ကျေးရွာတွင်လည်း ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ထားကြ သဖြင့် လမ်းအဆင့်မြှင့်ပြုပြင်ရန်ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက် လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်း ဖြင့်လည်း တစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှုပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုး မှုအား လွန်စွာအထောက်အကူပြုနိုင်ပေမည်။

(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျဌားရမ်းအသုံးပြုနိုင်ရေး

မြို့ဦး(၁)ကျေးရွာသည် စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ တစ်နှစ်ပတ်လုံးစိုက်ပျိုးရေ ရရှိနိုင်သည်။ သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှု လယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံးပစ္စည်းကိရိယာ ရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင်အရစ်ကျစနစ်ဖြင့်ရောင်းချမှုများ၊ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်းဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

မြို့ဦး(၁)ကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင်အာရုံစိုက်မှုများရှိကြပါသည်။ဂိမ်းကစားခြင်း၊ လက်ဖက်ရည် ဆိုင်ထိုင်ခြင်းများဖြင့် အချိန်ကုန်ဆုံးနေသူများနည်းပါးပါသည်။ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်းများမှာလည်းလုပ်ငန်းအတည်တကျမရှိကြသော်လည်း ကြုံရာကျပန်း ရရာအလုပ်ကိုလုပ်ကြပြီးဝင်ငွေတိုးပွားအောင် ကြိုးစားပြီးရှာဖွေနေထိုင်ကြပါသည်။ ထိုသူများ အတွက် သင့်တော်သောအသက်မွေး ဝမ်းကြောင်း ဆိုင်ရာ အတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှသက်ဆိုင်ရာ ပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအားဖြင့် အစဉ် သဖြင့်ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေအထားတွင်ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာ အရာခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
အခြေခံအဆောက်အဦ	၁။ တွင်းနက်တူးဖော်ခြင်းနှင့်ဂါလံ(၂၄၀၀)ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း	၉၅	၁	၄"ØPVC ၄၀၀'	*ကျေးလက်ဦးစီး*
အခြေခံအဆောက်အဦ	၂။ရွာတွင်းကျောက်ချောလမ်းခင်းခြင်း	၉၀	၂		*ကျေးလက်ဦးစီး*
အခြေခံအဆောက်အဦ	၃။ ဘက်စုံသုံးအဆောက်အဦတည်ဆောက်ခြင်း	၈၀	၃		*ကျေးလက်ဦးစီး*
အခြေခံအဆောက်အဦ	၄။ *Box Culvert* (၁)စင်းတည်ဆောက် ခြင်း	၇၅	၄		*ကျေးလက်ဦးစီး*
အခြေခံအဆောက်အဦ	၅။ ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၇၀	၅		ပညာရေး

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
အခြေခံအဆောက်အဦ	၆။ စာသင်ကျောင်းဟောင်းပြုပြင်ခြင်း	၆၅	၆	၄”ØPVC ၄၀၀’	*ကျေးလက်ဦးစီး*
အခြေခံအဆောက်အဦ	၇။ကုန်ထုတ်လမ်းဖောက်ခြင်း	၆၀	၇		*ကျေးလက်ဦးစီး*
အခြေခံအဆောက်အဦ	၈။ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၆၀	၈		*ကျေးလက်ဦးစီး*
မီးလင်းရေး	၉။ ရွာတွင်း *400 l*လျှပ်စစ်လိုင်းဖြန့်ဝေခြင်း	၆၀	၉		လျှပ်စစ်
မီးလင်းရေး	၁၀။လျှပ်စစ်လိုင်းကွန်ကရစ်တိုင်စိုက်ထူခြင်း	၆၀	၁၀		လျှပ်စစ်

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇
၁။ စက်ရေတွင်းတူးခြင်း	၁	Â				
၂။ ရွာတွင်းကျောက်ချောလမ်းခင်းခြင်း	၂	Â				
၃။ ဘက်စုံသုံးအဆောက်အဦတည်ဆောက်ခြင်း	၃		Â			
၄။ Box Culvert	၄		Â			
၅။ ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၅			Â		
၆။ စာသင်ကျောင်းပြုပြင်မွမ်းမံခြင်း	၆			Â		
၇။ ကုန်ထုတ်လမ်းခင်းခြင်း	၇				Â	
၈။ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၈				Â	
၉။ ရွာတွင်း 400 V လျှပ်စစ်လိုင်းဖြန့်ဝေခြင်း	၉					Â
၁၀။ လျှပ်စစ်လိုင်းအတွက်ကွန်ကရစ်တိုင်စိုက်ထူခြင်း	၁၀					Â

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ

သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန် လည်းလိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက် ကောင်း မွန် အောင် ဆောင်ရွက်ခြင်း			√		
၂	ကလေးပျော်၍ ဘက်စုံ တော်စေသည့်ကျောင်း အဖြစ် ဖန်တီး တည်ဆောက်ခြင်း၊			√		
၃	စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေ တိုးတက်ရရှိရေး။			√		
၄	ထိရောက်သည့် ကျန်းမာရေး ဝန်ဆောင်မှုရရှိရန် ဆောင် ရွက်ခြင်း			√		
၅	သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်း များ ပို့ချပေးခြင်း၊				√	
၆	ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း				√	
၇	မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု များ ရရှိရန်ဆောင်ရွက်ခြင်း			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

